# မောင်မိုးလှိုင်
(သစ္စာမြေ)

# ချစ်သူငယ်ချင်း

ကဗျာစာစု



DESIGN TUN AUNG

# နှလုံးသားစကားဦး

စကားပြေကို လူနားလည်အောင်ရေးရမည်... တဲ့

ကဗျာကို လူခံစားနိုင်အောင်ရေးရမည် ...တဲ့

ထိုအဆိုအမိန့်စကားကို၊ ဆရာကြီး(ဒဂုန်တာရာ)မှ

လမ်းညွှန်မှုပြုခဲ့သည် ။

အခုလည်း ၊ ကျွန်တော်တို့ ရှေ့ကနေပြီး၊ ကဗျာချစ်မြတ်နိုးသူ

လူအများ စုအတွက်၊ ခံစားနားလည်နိုင်အောင်

(ဂန္ထဝင်) မြောက် ကဗျာတွေရေးဖွဲ့ကာ လမ်းဖောက်ပေးသွားတဲ့

ကဗျာဆရာကြီး (တက္ကသိုလ်မင်းမော်) ရဲ့ (သူငယ်ချင်း) ကဗျာလမ်းကို

ကျွန်တော်အနေနဲ့ နှစ်သက်လွန်း၍ ဆက်လျှောက်ပါရစေဟု -

ခွင့်ပန်တောင်းဆိုပြီး ရေးဖွဲ့လာခဲ့ရာမှ ယခုဆိုလျှင် (ချစ်သူငယ်ချင်းကဗျာစာစု)အဖြစ်၊

လမ်းလေးတစ်ခုကို ဖောက်နိုင်ခဲ့ပါသည် ။

သည့်အတွက်၊ ဆရာ၏ အရိပ်ကိုခိုလှုံခွင့်ပြုခဲ့သော ကျေးဇူးတရားကို

ထာဝရမမေ့ပါ၊ သင်ဆရာစစ်မဟုတ်သော်လည်း ၊ မြင်ဆရာ၊ ကြားဆရာ

စင်စစ်ဖြစ်တည်ခဲ့ပါသဖြင့်၊ ကဗျာအရာ၌ ၊ ကျွန်တော်၏ ဆရာတစ်ဆူအဖြစ်၊

ဦးခိုက်ရိုကျိုး၊ လက်စုံမိုးကာ ရှိခိုးကန်တော့အပ်ပါသည် ။

အစဉ်အလာထာဝရ

မင်္ဂလာဂါရဝဖြင့်

မောင်မိုးလှိုင်(သစ္စာမြေ)

၂၀.၁.၂၀၁၅

*****

# ကဗျာရေးဖွဲ့သူ၏ အာသီသ

ကဗျာရေးဖွဲ့သူ ကျွန်တော်မောင်မိုးလှိုင် (သစ္စာမြေ)၏ ကဗျာရေးသက် နှစ်ပေါင်း လေးဆယ်ကျော် ကာလအတွင်း (ပထမ) လုံးချင်း အဖြစ် (လူနဲ့ ကဗျာရဲ့ အခင်းအကျင်း) ခေတ်ပေါ် ကဗျာစုကို၊ ၂၀၁၄ ခုနှစ်က ထုတ်ဝေခဲ့ ပါသည် ။

ဒုတိယမြောက် ကဗျာလုံးချင်းကိုတော့ ကဗျာရေးဘက်ဖြစ်တဲ့ (ညီ) နန္ဒာမိုးကြယ်ရဲ့ အားပေး တိုက်တွန်းမှုကြောင့် ကလေးကဗျာလေးများကို တစိုက်မတ်မတ် ရေးဖွဲ့နိုင်ခဲ့ပါသည် ။ ထိုသို့ ရှုထောင့်အသီးသီးမှ ကလေးငယ်များ အတွက် ရေးဖွဲ့လာရင်း ဆရာမကြီး (ဒေါ်)ကြည်ဦး ထုတ်ဝေခဲ့ဖူးသော မြန်မာ့စကားထာစာအုပ်ကို သတိတရဖြစ်ရင်းက ထိုစာအုပ်ထဲမှ စကားထာများ နှင့် မြန်မာ့စွယ်စုံကျမ်းများ ထဲမှ ရှာဖွေတွေ့ရှိသော စကားထာလေးများကို ရှာဖွေစုဆောင်းပြီး (ကလေးကဗျာအသွင်ဖြင့်) စကားထာတစ်ပုဒ်ကို ကဗျာတစ်ပုဒ်ဖြစ်တည်အောင် ကြိုးစားရေးဖွဲ့ကာ "ကျေးလက်တောရွာ တို့ မြန်မာ - စကားထာဖော်ညွှန်း ဉာဏ်မော်ကွန်း"ဟု အမည်နာမပြုထားထားပြီး ထုတ်ဝေပေးမည့်သူကို မျှော်လင့်နေရချိန်တွင် ဂီတအနုပညာနှင့် ပတ်သက်၍ အစ်ကိုဆရာဖြစ်သူ (တက္ကသိုလ် စိန့်မြင့်ထွန်း) က တွေ့သိသွားခဲ့ပြီး ရှုံးရှုံးမြတ်မြတ် (သူ) ထုတ်ဝေပေးမည်ဆိုကာ သရုပ်ဖော်ပုံများ ဝေဝေဆာဆာနှင့် အကုန်အကျခံ ထုတ်ဝေပေးခဲ့မှု ကျေးဇူးကား ကြီးမားလှပါ

၏။

ထပ်ဆင့်ကံကောင်းချင်တော့ ထိုကလေးကဗျာစာအုပ်ဖြင့် (၂၀၁၅) ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်း စာပေဆု (ကလေးဘာသာရပ်) ဦး၊ ကဗျာရွှေဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပါသည် ။

ယခု - ကဗျာချစ်သူ စာဖတ်သူများ ၏ လက်ဝယ်တွင် ရောက်ရှိနေသည့် ကဗျာစာအုပ်ငယ်သည် ကဗျာရေးဖွဲ့သူ၊ ကျွန်တော် မောင်မိုးလှိုင် (သစ္စာမြေ) ၏ တတိယမြောက် (လုံးချင်း) လက်ရာ ဖြစ်ပါကြောင်းနှင့် ကျွန်တော်၏ ကဗျာရေးသက် (၄၆) နှစ်မြောက် ပြီးတော့ ပြက္ခဒိန်သက် (၆၄) နှစ်ပြည့် (၂၀၁၅) ခုနှစ် တွင် (ချစ်သူငယ်ချင်း) ကဗျာများ ဟု အမည်နာမပြု၍ (ဂန္ထဝင်) ကဗျာအလှကို အမှတ်တရပြသရင်း မဂ္ဂဇင်းနှင့် ဂျာနယ်အသီးသီး၏ ကဗျာ စာမျက်နှာများ ပေါ်မှ ကဗျာများကိုလည်းကောင်း၊ ကဗျာအသစ်များကို လည်းကောင်း ခံစား ဖတ်ရှုနိုင်ရေးအတွက် စုစည်းကာ ရင်ထဲမှာ ရှိသော စာပေသစ္စာ၊ စာပေမေတ္တာ၊ စာပေစေတနာတို့ ဖြင့် ပေးအပ်တင်ဆက်နိုင်ခဲ့ပါပြီ။

ကဗျာချစ်မြတ်နိုးသူအားလုံးကို

အစဉ်ထာဝရလေးစားလျက်

(ကဗျာရေးသူ)

မောင်မိုးလှိုင် (သစ္စာမြေ)

၂၀.၁.၂၀၁၇

*****